တရားမဆိုင်ရာ (စီရင်ချက်ပုံစံ) ၁၇။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရုံးခွန်တံဆိပ်ခေါင်း
၁၀၀ကျပ် K 100

# ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

## ၂၀၁၇ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၆၀

| | | |
|---|---|---|
| Techo Corporation Pte,Ltd | နှင့် | အေးမိသားစုကုမ္ပဏီလီမိတက် |
| [၎င်း၏ကိုယ်စားMr.Tan Chye Heng (MD) ] | | [၎င်း၏ကိုယ်စားဦးမင်းသူ(ဒါရိုက်တာ)] |
| တရားလို | | တရားပြိုင် |

| | | |
|---|---|---|
| တရားလိုအတွက် | - | ဒေါ်သီတာမမ၊ တရားလွှတ်တော်ရှေ့နေ |
| တရားပြိုင်အတွက် | - | ဦးထွန်းရှိန်၊ တရားလွှတ်တော်ရှေ့နေ |

## အ မိန့်

ရက်စွဲ။ ၂၀၁၈ ခုနှစ်၊ ဇူလိုင် လ ၂၅ ရက်။

တရားလိုက တရားပြိုင်အပေါ် တရားလိုပိုင်သိမ်းပိုက်ခြင်းခံထားရသော စက်ယန္တရားများကိုပြန်လည်လက်ရောက်ပေးအပ်ရန်နှင့် နစ်နာကြေးငွေကျပ်သိန်းနှစ်သောင်းငါးထောင်ငါးရာခုနှစ်ဆယ့်သုံးသိန်းကိုးသောင်းကိုးထောင် ၂၅၅၇၃, ၉၉၀၀၀ ရလိုကြောင်းစွဲဆိုမှုတွင် ပဏာမငြင်းချက်နှစ်ရပ်အတွက် နှစ်ဖက်လျှောက်လဲချက်ကြားနာပြီးဖြစ်၍ အမိန့်ချမှတ်ခြင်းဖြစ်သည်။

တရားလိုဘက်မှ လျှောက်ထားရာတွင် တရားလိုသည် တရားပြိုင်ကုမ္ပဏီမှဆောက်လုပ်လျက်ရှိသော အဆောက်အအုံ၏ Bore Piling လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ရန် Tan Chye Heng ကို ကန်ထရိုက်တာအဖြစ် လုပ်ငန်းဆောင်ရွက်ရန် တရားလိုနှင့်တရားပြိုင်တို့က ၁၀-၅-၂၀၁၃ ရက်စွဲပါစာချုပ်ချုပ်ဆိုခဲ့ကြောင်း ၊ ယင်းပဋိညာဉ်အရ တရားပြိုင်ကုမ္ပဏီဆောက်လုပ်လျက်ရှိသော အဆောက်အအုံအတွက် Bore Piling ၉၄ လုံးကိုဆောင်ရွက်ပြီးဖြစ်ကြောင်း၊ တရားလိုက မိမိစက်ယန္တရားများကိုသွားရောက်ထုတ်ယူသည့်အခါ လုပ်ငန်းခွင်အတွင်းသို့ ဝင်ရောက်ခွင့်မပြုသဖြင့် တရားလိုက စက်ယန္တရားများထုတ်ယူနိုင်ခြင်းမရှိခဲ့ကြောင်း၊ လုပ်ဆောင်ရန်ကျန်ရှိသော လုပ်ငန်းကိုလည်း တရားလိုအားအသိမပေးဘဲ Tan Chye Heng ခန့်ထားသည့် Sub Contractor ဦးကျော်လင်းထံမှ လွှဲပြောင်းရယူဆောင်ရွက်ကြောင်း၊ တရားလိုက ငွေစာရင်းရှင်းရန် အကြိမ်ကြိမ်အကြောင်းကြားခဲ့သော်လည်း တရားပြိုင်က တရားလိုနှင့်သဘောတူညီမှုမရှိထားသော ငွေကြေးဈေးနှုန်းများဖြင့် ငွေစာရင်းကို ပေးပို့ခဲ့ကြောင်း ၊ ထိပ်တိုက်ဖြေရှင်းရေးအတွက် အစည်းအဝေးကျင်းပခွင့်ကို တောင်းဆိုသော်လည်း အကြောင်းမပြန်ခဲ့ကြောင်း ၊ တရားပြိုင်၏လုပ်ငန်းခွင်၌ရှိသော စက်ယန္တရားများကို တရားလိုကိုအသိပေးခြင်းမရှိ ၊ ခွင့်ပြုချက်ရယူခြင်းမရှိဘဲ တရားပြိုင်က သုံးစွဲခဲ့ကြောင်း၊ လုပ်ငန်းတွင်အသုံးပြုလျက်ရှိသော ပစ္စည်းများသည် တရားလိုပိုင်ဖြစ်ကြောင်း၊ စက်ပစ္စည်းများကို တရားပြိုင်က တရားလိုကို ယူဆောင်ရန်တားမြစ်ပိတ်ပင်ထားသည်မှာ ၂၇ လ ကြာမြင့်ပြီဖြစ်ကြောင်း၊ ပစ္စည်းများထုတ်ယူခွင့်မရရှိသဖြင့် အခြားစီမံကိန်းလုပ်ငန်းများ လုပ်ကိုင်ခွင့်မရဘဲ တရားလိုတွင် နစ်နာကြောင်း၊ တရားလိုပိုင် စက်ယန္တရားနှင့်စပ်လျဉ်း၍ ဆုံးရှုံးနစ်နာမှုသည် တရားပြိုင်တွင် တာဝန်ရှိသဖြင့် တရားစွဲဆိုခြင်းဖြစ်ကြောင်း ၊ ရုံးငြင်းချက်များကို စစ်ဆေးသည့်အခါ တရားလိုတင်သွင်းသည့် စာရွက်စာတမ်းများအပေါ် သုံးသပ်ဆုံးဖြတ်နိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ အမှတ် ၁

မူရင်းနှင့်မိတ္တူမှန်ကန်ကြောင်း စစ်ဆေးပြီးမှန်ကန်ကြောင်း တာဝန်ယူသည်။

တာခွင့်ရအရာရှိ
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

ပဏာမငြင်းချက်ဖြစ်သော ဤအမှုကို တရားစွဲဆိုရန်အကြောင်း မပေါ်ပေါက်သည်မှာ မှန်သလားဆိုသည့် ငြင်းချက်ကို မမှန်ဟုဖြေဆိုသင့်ကြောင်း၊ အမှတ် ၂ ပဏာမငြင်းချက်နှင့်စပ်လျဉ်း၍ တရားလို၏လုပ်ငန်းသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၆၃ ပါလုပ်ငန်းများတွင် အကျုံးမဝင်ခြင်း၊ တရားလိုကုမ္ပဏီသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်တွင်ခွင့်ပြုချက်ရယူရန် မလိုအပ်သော Services ကုမ္ပဏီဖြစ်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၆၅ ပါလိုက်နာရမည့်အချက်များကို တရားပြိုင်ကသာ ချိုးဖောက်နေခြင်းတို့ကြောင့် တရားလိုကုမ္ပဏီသည် နိုင်ငံခြားကုမ္ပဏီဖြစ်ပြီး မြန်မာနိုင်ငံအတွင်း ဆောက်လုပ်ရေးလုပ်ငန်းလုပ်ကိုင်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ခွင့်ပြုမိန့်မရှိသဖြင့် ဤအမှုကိုစွဲဆိုရန် Right to sue ရှိသူမဟုတ်၍ ဆိုလွှာကိုပယ်သင့်သည်မှာ မှန်သလားဆိုသည့်အမှတ် ၂ ပဏာမငြင်းချက်ကိုမမှန်ဟုဖြေဆိုသင့်ကြောင်း ဖော်ပြလျှောက်ထားသည်။

တရားပြိုင်ဘက်မှလျှောက်ထားရာတွင် ၃၀-၅-၂၀၁၃ ရက်စွဲပါ ကန်ထရိုက်သဘောတူစာချုပ် အပိုဒ် ၁၄ တွင် အနုညာတစီရင်ဆုံးဖြတ်ခြင်းခံရမည်ဟု ဖော်ပြထားချက်အရ အနုညာတစီရင်ဆုံးဖြတ်ချက်ကိုဦးစွာခံယူခြင်းမရှိသေး၍ တရားစွဲဆိုရန်အကြောင်းမပေါ်ပေါက်ကြောင်း၊ တရားလိုကုမ္ပဏီသည် စင်္ကာပူနိုင်ငံတွင် ရုံးစိုက်သည့်နိုင်ငံခြား ကုမ္ပဏီဖြစ်ကြောင်း၊ တရားလိုကုမ္ပဏီသည်စင်္ကာပူနိုင်ငံတွင် ရုံးစိုက်သည့်နိုင်ငံခြားကုမ္ပဏီဖြစ်ကြောင်း ၊ ဆိုလွှာအပိုဒ် ၆ အရ Myanmar Prime Engineering & Construction Co. Ltd သည် စင်္ကာပူနိုင်ငံရှိ Techo Corporation Pte. Ltd ၏ မြန်မာနိုင်ငံကိုယ်စားလှယ်ဖြစ်ကြောင်း၊ တရားလိုကုမ္ပဏီသည် မြန်မာနိုင်ငံရှိ Myanmar Best Trade Co, Ltd များဖြင့် ဆောက်လုပ်ရေးသုံးစက်နှင့် စက်ပစ္စည်းများကို နိုင်ငံခြားမှတင်သွင်းခဲ့ခြင်းဖြစ်ကြောင်း ၊ တရားလိုကုမ္ပဏီသည် မြန်မာနိုင်ငံ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ခွင့်ပြုချက်မရှိကြောင်း ၊ တရားလိုကုမ္ပဏီသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၂(ဇ) ပါ နိုင်ငံခြားမတည်ငွေရင်းဆိုသည့်စကားရပ်တွင် အကျုံးဝင်ရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ခွင့်ပြုချက်လိုအပ်ကြောင်း ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဖွဲ့စည်းဆောင်ရွက်ခြင်းမပြုသော ပူးတွဲလုပ်ငန်းမှရရှိသည့် အကျိုးအမြတ်များကို တရားစွဲဆိုခွင့်မရှိကြောင်း ၊သို့ဖြစ်၍ ပဏာမငြင်းချက်များကို တရားပြိုင်ဘက်သို့အသာပေး ဆုံးဖြတ်သင့်ကြောင်း ဖော်ပြလျှောက်ထားသည်။

တရားလို၏ဆိုလွှာအရ တရားလိုသည် ၃၀-၅-၂၀၁၃ ရက်စွဲပါ စာချုပ်ပေါ်တွင် အခြေခံ၍တရားစွဲဆိုခြင်းဖြစ်သည်ကိုတွေ့ရသည်။ ယင်းစာချုပ်တွင် ပိုင်ရှင်အဖြစ် အေးမိသားစုကုမ္ပဏီလီမိတက်ဟုလည်းကောင်း၊ကန်ထရိုက်တာအဖြစ် Techo Corporation Pte, Ltd နှင့် မြန်မာနိုင်ငံတွင်းကိုယ်စားလှယ် Myanmar Prime Engineering & Construction Co, Ltd ဟုလည်းကောင်းဖော်ပြထားသည်ကိုတွေ့ရသည်။ စာချုပ်အဖွဲ့ဝင်အဖြစ် အမှတ်စဉ် ၂ နှင့် ၃ တို့သည် ကန်ထရိုက်တာများဖြစ်သည်ဟုတွေ့ရှိရပြီး Myanmar Prime Engineering & Construction Co, Ltd ကို Techo Corporation Pte. Ltd ၏ မြန်မာနိုင်ငံကိုယ်စားလှယ်ဟု ဖော်ပြထားသည်ကိုတွေ့ရသည်။ စာချုပ်၏ ကန်ထရိုက်တာနေရာ၌ Tan Chye Heng (ဒါရိုက်တာ)ကလက်မှတ်ရေးထိုးထားသော်လည်း မည်သည့်ကုမ္ပဏီ၏ဒါရိုက်တာဖြစ်သည်ကို ဖော်ပြခြင်းမရှိပေ။ အဆိုလွှာတွင် လက်မှတ်ရေးထိုးသဖြင့် Mr.Tan Chye Heng သည် Techo Corporation Pte, Ltd ၏ဒါရိုက်တာဖြစ်သည်ဟု ကောက်ယူရပေသည်။ ထိုအချက်အရ တရားပြိုင်ကို တရားစွဲဆိုသူသည် မြန်မာနိုင်ငံ၏ကိုယ်စားလှယ်ဖြစ်သော Myanmar Prime Engineering & Construction Co. Ltd မဟုတ်ဘဲ စင်္ကာပူနိုင်ငံအခြေစိုက် Techo Corporation Pte. Ltd က တိုက်ရိုက်တရားစွဲဆိုခြင်းဖြစ်သည်ကိုတွေ့ရသည်။

ဆိုလွှာအပိုဒ် ၇ ဒုတိယအပိုဒ်အရ တရားလိုကုမ္ပဏီသည် တရားပြိုင်ကုမ္ပဏီ၏လက်ဝယ်ရှိ စက်ယန္တရားများကို မြန်မာနိုင်ငံသို့ တိုက်ရိုက်တင်သွင်းခြင်းမပြုဘဲ Myanmar Prime Engineering & Construction Co, Ltd အမည်ဖြင့် တင်သွင်းခဲ့သည်ဟုဆိုနိုင်သည်ဖြစ်ရာ တရားလိုကုမ္ပဏီသည် အချင်း

အမှန်မိတ္တူမှန်ကန်ကြောင်း ... (margin stamp)

အခွင့်ရအရာရှိ
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

မြစ်ယန္တရားကြီးများကို မြန်မာနိုင်ငံသို့တင်သွင်းခွင့်လိုင်စင် ရရှိထားခြင်းမရှိဟုဆိုနိုင်ပေသည်။ Myanmar Prime Engineering & Construction Co, Ltd က Techo Corporation Pte,Ltd ၏ကိုယ်စားလှယ်အဖြစ်အချင်းဖြစ် ယန္တရားကြီးများအတွက် စီမံခန့်ခွဲဆောင်ရွက်ခွင့်ရှိသည်မှာမြင်သာသည်။ လုပ်ငန်းဆောင်ရွက်မှုကို မြန်မာနိုင်ငံတွင် Techo Corporation Pte,Ltd ၏ဒါရိုက်တာ Mr.Tan Chye Heng က ၎င်း၏ကုမ္ပဏီကိုယ်စား လာရောက်လုပ်ကိုင်သည့် သဘောတွေ့ရှိရသည်။

တစ်ဖန်ဆိုလွှာနှင့်အတူ ပူးတွဲတင်ပြသည့် ပိုင်ရှင်နှင့် ကန်ထရိုက်တာနှစ်ဖွဲ့တို့၏ အပြန်အလှန်အကြောင်းကြားစာများအရ Techo Corporation Pte,Ltd က စက်ယန္တရားများကို ၎င်းအားပေးအပ်ရန် တောင်းဆို သကဲ့သို့ Myanmar Prime Engineering & Construction Co, Ltd ကလည်း ၎င်း၏သဘောတူ ခွင့်ပြုချက်မရဘဲ မည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းခြင်းမပြုရန် တားမြစ်ထားကြောင်း ပေါ်ပေါက်လျက်ရှိသည်။ ယင်းပေါ်ပေါက်ချက်များသည် ပဋိညာဉ်လုပ်ငန်းဆိုင်ရာ အငြင်းပွားမှုပြဿနာ သို့မဟုတ် အယူအဆကွဲပြားမှုများသာဖြစ်ပေသည်။ သို့ဖြစ်ရာ ကန်ထရိုက်တာနှစ်ဖွဲ့တို့အကြား၌ပင် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်လျက်ရှိသေးသည်ကို တွေ့ရသည်။ ပဋိညာဉ်အရ ကြည့်လျှင် လုပ်ငန်းဆောင်ရွက်ပြီးစီးချိန်၌ အချင်းဖြစ်စက်ယန္တရားများကို ကန်ထရိုက်တာနှစ်ဖွဲ့အနက် မည်သူကပြန်လည်လက်ခံမည်ဖြစ်သည်ကိုလည်းကောင်း၊ ပိုင်ရှင်ကမည်သူ့ထံ ပြန်လည်အပ်နှံရမည်ကိုလည်းကောင်း ဖော်ပြထားခြင်းမတွေ့ရပေ။ ပဋိညာဉ်အပိုဒ် ၁၃-၁ အရ အငြင်းပွားမှုပြဿနာများ၊ အယူအဆ ကွဲပြားမှုများကို ပိုင်ရှင်နှင့်ကန်ထရိုက်တာနှစ်ဖွဲ့လုံးက အဖြေရှာစေ့စပ်ညှိနှိုင်းမှုပြုလုပ်မည်ဟုတွေ့ရသည်။

တစ်ဖက်တွင် ပဋိညာဉ်စာချုပ်အပိုဒ် ၁၄-၁ ၌လည်း "ဤပဋိညာဉ်နှင့်ဆက်စပ်၍ သို့မဟုတ် ဤပဋိညာဉ်အရ ပေါ်ပေါက်လာသောမည်သည့်အငြင်းပွားမှုတစ်ခုခု သို့မဟုတ် မတူကွဲပြားမှုတစ်ခုခု သို့မဟုတ် ပဋိညာဉ်အရ ဆောင်ရွက်မှုမှပေါ်ပေါက်လာသော အငြင်းပွားမှု သို့မဟုတ် မတူကွဲပြားမှုကို အဖွဲ့များက ကောင်းမွန်သောယုံကြည်မှုဖြင့် စေ့စပ်ညှိနှိုင်းပါမည်" ဆိုသည့်သဘောတူညီမှုပါဝင်လျက်ရှိသည်ကိုတွေ့ရသည်။ သို့ဖြစ်ရာ အငြင်းပွားမှုပြဿနာများ၊ အယူအဆကွဲပြားမှုများကို အဖြေရှာခြင်းနှင့်စပ်လျဉ်း၍ ပဋိညာဉ်အပိုဒ် ၁၃-၁ အရ ညှိနှိုင်းဖြေရှင်းခြင်းကို ပိုင်ရှင်နှင့်ကန်ထရိုက်တာ နှစ်ဖွဲ့တို့က ပထမဆောင်ရွက်ပြီး ညှိနှိုင်း၍မရသည့်အခြေအနေတွင် အပိုဒ် ၁၄ အရ အနုညာတ စီရင်ဆုံးဖြတ်မှုကို ခံယူရမည်ဖြစ်ပေသည်။ ပိုင်ရှင်နှင့် ကန်ထရိုက်တာနှစ်ဖွဲ့တို့သည် ပဋိညာဉ်အပိုဒ် ၁၃-၁နှင့် ၁၄-၁ တို့နှင့်အညီဆောင်ရွက်ပြီးဖြစ်ကြောင်း ပေါ်ပေါက်မှုမရှိသေးသည့် အခြေအနေတွင် တရားလိုသည် ဤအမှုကို စွဲဆိုရန်အချိန်ကျရောက်သည်ဟု ဆိုနိုင်မည်မဟုတ်ချေ။

သို့ဖြစ်၍ တရားလိုကုမ္ပဏီသည် ဤအမှုကို တရားစွဲဆိုရန်အကြောင်း မပေါ်ပေါက်ဆိုသည်မှာ မှန်သလား ဆိုသည့်အမှတ် ၁ ပဏာမငြင်းချက်ကို မှန်သည်ဟုဖြေဆိုသည်။ အမှတ် ၁ ပဏာမငြင်းချက်ကို ဖြေဆိုပြီးဖြစ်သဖြင့် အမှတ် ၂ ပဏာမငြင်းချက်ကို ဖြေဆိုရန်မလိုအပ်တော့ပေ။

ထို့ကြောင့် တရားမကျင့်ထုံးဥပဒေအမိန့် ၇နည်း ၁၁ အရ တရားလို၏အဆိုလွှာကို စရိတ်နှင့်တကွ ပယ်သည်။

ပုံ ×××

(အောင်နိုင်)

တရားသူကြီး

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

မူရင်းနှင့်မိတ္တူမှန်ကြောင်း
စစ်ဆေးပြီး ... မှန်ကြောင်း
အာဝေန်ယူသည်

အခွင့်ရအရာရှိ
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်